# ASIA WORLD FOUNDATION

**Press Release**

## အေးရှားဝေါလ်ဖောင်ဒေးရှင်းမှ ဖောက်လုပ်လှူဒါန်းထားသည့် အငူမော် - မောင်တော ကွန်ကရစ်လမ်းသစ်သည် ရခိုင်ပြည်နယ်တွင်းရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာရေးအတွက် အထောက်အကူဖြစ်စေမည်

## နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်တက်ရောက်ဖွင့်လှစ်ပေးခဲ့သည့် ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုပြပွဲမတိုင်မီ၌ ၅၄ ကီလိုမီတာရှိသော လမ်းသစ်ကို ဖောက်လုပ်ပြီးစီးခဲ့ပါသည်။

**သံတွဲ၊ မြန်မာ - ဖေဖော်ဝါရီလ ၂၂ ရက်၊ ၂၀၁၉ ခုနှစ်** - အေးရှားဝေါလ်ဖောင်ဒေးရှင်းမှ ဖောက်လုပ်လှူဒါန်းထားသည့် ၅၄ ကီလိုမီတာ ကွန်ကရစ်လမ်းသစ်သည် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ချီးမြှင့်ခဲ့သည့် ယနေ့စတင်ကျင်းပခဲ့သော ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုပြပွဲနှင့်အတူ ရခိုင်ပြည်နယ်တွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာရေးအတွက် အထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။




*ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုပြပွဲတွင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် အမှာစကားပြောကြားနေစဉ်*

အေးရှားဝေါလ်ကုမ္ပဏီ၏ ပရဟိတအဖွဲ့အစည်းတစ်ခုဖြစ်သည့် အေးရှားဝေါလ်ဖောင်ဒေးရှင်းသည် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ အငူမော်နှင့် မောင်တောကို ဆက်သွယ်ပေးသော ကွန်ကရစ်လမ်းသစ်ကို မကြာသေးမီကာလကပင် လှူဒါန်းဖောက်လုပ်ပြီးစီးခဲ့ပြီးဖြစ်ပါသည်။ အဆိုပါလမ်းသစ်သည် ဒေသ တွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေး၊

ကျန်းမာရေးစောင့်ရှောက်မှုနှင့် အချိန်ရာသီမရွေး လမ်းပန်းဆက်သွယ်မှုမြန်ဆန်ကောင်းမွန်ရေးတို့ကို ကူညီမြှင့်တင်ပေးသွားမည်ဖြစ်ပါသည်။

အဆိုပါ လမ်းအဆင့်မြှင့်တင်ရေးစီမံကိန်းကို ရခိုင်ပြည်နယ်တွင်း လူသားချင်းစာနာမှုအကူအညီထောက်ပံ့ရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) လက်အောက်ရှိ ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းအဖွဲ့ (CITF) ၏ အဖွဲ့ဝင်တစ်ဦးဖြစ်သော ဒေးရှားဝေါလ်ဖောင်ဒေးရှင်းမှ ဖောက်လုပ်လှူဒါန်းခြင်းဖြစ်ပါသည်။

ဤကဲ့သို့ လမ်းဖောက်လုပ်လှူဒါန်းခြင်းကို ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းတွင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှ နိုင်ငံသားစီးပွားရေးလုပ်ငန်းရှင်များအား ရခိုင်ပြည်နယ်တွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ကူညီပံ့ပိုးကြရန် ပြောကြားပြီးနောက် ဒေးရှားဝေါလ်ဖောင်ဒေးရှင်းမှ ၎င်း၏ အကြီးမားဆုံးသော လူထုအကျိုးပြုလှူဒါန်းမှုတစ်ရပ်အနေဖြင့် အားသွန်ခွန်စိုက်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

ဤလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်းကို ဖေဖော်ဝါရီလ ၂၁ ရက်မှ ၂၃ ရက်အထိ သုံးရက်ကြာကျင်းပပြုလုပ်မည့် ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုပြပွဲမတိုင်မီတွင် ဆောင်ရွက်ပြီးစီးခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှုပြပွဲကို ရခိုင်ပြည်နယ်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများကို အားပေးမြှင့်တင်ရန်ရည်ရွယ်၍ ရခိုင်ပြည်နယ်အစိုးရ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် ဂျပန်ပြည်ပကုန်သွယ်မှုအဖွဲ့ (JETRO) တို့မှ ပူးပေါင်းစီစဉ်ကာ အခြားသော ပုဂ္ဂလိကကုမ္ပဏီများစွာတို့မှ ပူးပေါင်းပါဝင်ကျင်းပပြုလုပ်ခြင်းဖြစ်ပါသည်။

ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုပြပွဲသည် ရခိုင်ပြည်နယ်အတွက် ၎င်း၏ အားသာချက်များ၊ နိုင်ငံတကာမှ မသိရှိသေးသော ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ပြသရန်နှင့် ရခိုင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံလိုကြသည့် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများနှင့် ရင်းနှီးမှုတည်ဆောက်ရန် အခွင့်အလမ်းများကို ဖော်ဆောင်ပေးမည့် ပြပွဲတစ်ခုဖြစ်ပါသည်။

ရခိုင်ပြည်နယ်အတွင်း ထွန်ယက်စိုက်ပျိုးနိုင်သော မြေဧရိယာများစွာရှိရာ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ အဓိကရရှိနိုင်ရန် မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှုပြပွဲသို့တက်ရောက်သူဦးရေ ၄၀၀ နီးပါးတွင် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူ ထက်ဝက်ကျော်ခန့်ပါဝင်ပါသည်။

ဒေးရှားဝေါလ်ကုမ္ပဏီဥက္ကဋ္ဌဖြစ်သူ ဦးထွန်းမြင့်နိုင်မှ "ဒီရင်းနှီးမြှုပ်နှံမှုပြပွဲက ရခိုင်ပြည်နယ်ရဲ့ စီးပွားရေးကဏ္ဍကို သက်ဝင်လှုပ်ရှားစေတဲ့ အခွင့်အရေးကြီးတစ်ခုပါ။ ရခိုင်ပြည်နယ်မှာ စီးပွားရေးလုပ်ငန်းတွေဆောင်ရွက်ဖို့အတွက် စွမ်းအင်အရင်းအမြစ်တွေအများကြီးရှိပြီး ဖွံ့ဖြိုးတိုးတက်ဖို့ အလားအလာတွေလည်း အများကြီးရှိပါတယ်။ ရခိုင်ပြည်နယ်မှာ စီးပွားရေးလုပ်ငန်းတွေ လာရောက်ဆောင်ရွက်ပြီး ရင်းနှီးမြှုပ်နှံဖို့အတွက် စိတ်ဝင်တစားရှိကြတဲ့ ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်တွေ အများကြီးတွေ့ရတဲ့အတွက် ကျွန်တော်တို့အနေနဲ့ အားတက်မိပါတယ်။" ဟု မှတ်ချက်ပြုခဲ့ပါသည်။

"အေးရှားဂေါလ်ဖောင်ဒေးရှင်းက မကြာသေးမီကပဲ ဖောက်လုပ်လှူဒါန်းပြီးစီးခဲ့တဲ့ ကွန်ကရစ်လမ်းသစ်က ရင်းနှီးမြှုပ်နှံမှုတွေ လာရောက်ဖို့အတွက် အထောက်အပံ့ပေးနိုင်ပါလိမ့်မယ်။ ဒီကွန်ကရစ်လမ်းသစ်က ဒေသခံတွေရဲ့ လူနေမှုဘဝကို မြှင့်တင်ပေးနိုင်ပြီး ရခိုင်ပြည်နယ်ရဲ့ နောက်ထပ်ဖွံ့ဖြိုးတိုးတက်မှုတွေအတွက် အထောက်အပံ့ပေးနိုင်လိမ့်မယ်လို့ ကျွန်တော်တို့ယုံကြည်ပါတယ်။" ဟု ဦးထွန်းမြင့်နိုင်က ဆက်လက်ပြောကြားခဲ့ပါသည်။

– END –

**အေးရှားဝေါလ်ဖောင်ဒေးရှင်းအကြောင်း**

အေးရှားဝေါလ်ဖောင်ဒေးရှင်းသည် အေးရှားဂေါလ်ကုမ္ပဏီ၏ ပရဟိတအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ အေးရှားဂေါလ်ဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံသားများအတွက် ကောင်းမွန်ပြည့်စုံသော လူနေမှုဘဝရရှိရေးကိုဖော်ဆောင်သော စီမံကိန်းများတွင် ပါဝင်ကူညီဆောင်ရွက်ရန် သံဓိဌာန်ချမှတ်ထားပြီး အေးရှားဂေါလ်ကုမ္ပဏီစတင်တည်ထောင်ခဲ့သည့်အချိန်မှစ၍ လူထုအကျိုးပြုပရဟိတလုပ်ငန်းများဆောင်ရွက်ရာတွင် တက်ကြွစွာ ပါဝင်ပံ့ပိုးလျက်ရှိရာ ပညာရေး၊ သဘာဝဘေးအန္တရာယ်ပြန်လည်ထူထောင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအစရှိသည့် ကဏ္ဍများစွာတွင် လှူဒါန်းမှုများ ဆောင်ရွက်လျက် ရှိပါသည်။

မြန်မာနိုင်ငံသည် ကမ္ဘာကြီးနှင့် ကူးလူးဆက်သွယ်ရာလမ်းကြောင်းများ ဖွင့်လိုက်သည့်အားလျော်စွာ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအတွက် အခွင့်အလမ်းသစ်များစွာလည်း ပေါ်ပေါက်လာပါသည်။ မြန်မာနိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍတိုးတက်မှုသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သည့်အားလျော်စွာ အေးရှားဂေါလ်ဖောင်ဒေးရှင်းအနေဖြင့် ပညာရေးကဏ္ဍတိုးတက်ရေးလုပ်ငန်းများကိုလည်း အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိပါသည်။

အေးရှားဂေါလ်ဖောင်ဒေးရှင်းသည် ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ အငူမော်နှင့် မောင်တောကို ဆက်သွယ်ပေးသော ၅၄ ကီလိုမီတာရှိ ကွန်ကရစ်လမ်းသစ်ကို မကြာသေးမီကာလကပင် လှူဒါန်းဖောက်လုပ်ပြီးစီးခဲ့ပြီးဖြစ်ပါသည်။ အဆိုပါလမ်းသစ်သည် ရခိုင်ပြည်နယ်တွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရန် များစွာအထောက်အကူပြုမည်ဖြစ်ပါသည်။